**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**မြန်မာ့မီးရထား**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ (စက်မှု/သွားလာဌာနခွဲ)တွင် လစ်လပ်လျက်ရှိသော စက်ခေါင်းမောင်း(၅)ဆီလောင်းရာထူး လစာနှုန်းကျပ်(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)၊ အမျိုးသား(၄၀)ဦးနှင့် အမျိုးသမီး(၁၀)ဦး၊ စုစုပေါင်း (၅၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်(၁-၁၀-၂၀၂၅)နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅နှစ်)ထက် မကျော်စေရ။

(ဂ) အနိမ့်ဆုံးပညာအရည်အချင်းမှာ အခြေခံပညာအထက်တန်း/T.H.S အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အမြင်အာရုံကောင်းမွန်သူ ဖြစ်ရမည်။ မျက်မှန်/မျက်ကပ်မှန် တပ်ဆင်ထားသူများ မဖြစ်စေရ။ (စာမေးပွဲအောင်မြင်ပြီးပါက Colour Blind Test စစ်ဆေးအောင်မြင်ပြီးမှသာ ခန့်ထားမည်ဖြစ်ပါသည်။)

(င) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၂" နှင့် ကိုယ်အလေးချိန် (၁၁၀)ပေါင် ရှိရမည်။

(စ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' နှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ရှိရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း ခံထားရသူများ မဖြစ်ရ။

(ဇ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား Website ဖြစ်သော www.myanmarailways.gov.mm ၏ homepage တွင်download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံး နေပြည်တော်ဘူတာကြီး၌လည်းကောင်း၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၇) ရန်ကုန်ရုံး၌လည်းကောင်း၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၃) မန္တလေးရုံး၌လည်းကောင်း အခမဲ့ ရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)

(ဂ) မြန်မာနိုင်ငံစာစစ်ဌာနမှထုတ်ပေးသည့် အခြေခံပညာအထက်တန်းအောင်လက်မှတ် (သို့မဟုတ်)T.H.S အောင်လက်မှတ်(မိတ္တူ)

(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်(မူရင်း)

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံး၊ နေပြည်တော်ဘူတာကြီးထံသို့လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ (၁-၁၀-၂၀၂၅)နေ့အရောက် ပေးပို့လျှောက်ထားရမည်။ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း) တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင်လည်း (၁-၁၀-၂၀၂၅)နေ့အရောက် ကိုယ်တိုင်ပေးပို့ လျှောက်ထားနိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓါတ်ပုံ(၃)ပုံနှင့်အတူ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၆- ၁၀- ၂၀၂၅ | မြန်မာစာ | နံနက်(၀၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၆- ၁၀- ၂၀၂၅ | အင်္ဂလိပ်စာ | နံနက်(၁၂:၀၀)မှ (၁၄:၀၀)နာရီအထိ |
| (ဂ) | ၁၆- ၁၀- ၂၀၂၅ | အထွေထွေဗဟုသုတ | နံနက်(၁၅:၀၀)မှ (၁၇:၀၀)နာရီအထိ |

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၄-၁၀-၂၀၂၅)နေ့မှ (၁၅-၁၀-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အခြေခံပညာအထက်တန်းအောင်လက်မှတ် (သို့မဟုတ်) T.H.S အောင်လက်မှတ်၊ သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)တို့ကိုပြသ၍ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံး၊ နေပြည်တော် ဘူတာကြီးတွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြား ထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့် နေရာကို ကြော်ငြာထားပေးပါမည်။

၇။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး လူတွေ့ဖြေဆိုရမည့်စာရင်းနှင့် နေ့ရက်များကို လျှောက်လွှာပေးပို့လျှောက်ထားခဲ့သည့် ရုံးများနှင့် Website တွင် ကြော်ငြာပေးထားမည် ဖြစ်ပါသည်။

၈။ ရွေးချယ်ခြင်းခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၁၂)ပတ် တက်ရောက်ရမည် ဖြစ်ပါသည်။

၉။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိစာချုပ်တွင် လက်မှတ်ရေးထိုးရမည်။ (ဝန်ခံကတိစာချုပ် ချုပ်ဆိုရမည်။)

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်) ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် - ၀၆၇-၈၀၇၇၁၁၄၊ ၀၆၇-၈၀၇၇၀၄၁ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာ့မီးရထား

စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန

စက်မှု/သွားလာဌာနခွဲ

နေပြည်တော်ဘူတာကြီး

စက်ခေါင်းမောင်း(၅)ဆီလောင်းရာထူးလျှောက်လွှာ

ဓါတ်ပုံ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ လ၊ ရက်

၁။ အမည် -

၂။ အဘအမည်နှင့်အလုပ်အကိုင် -

၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -

၄။ မွေးသက္ကရာဇ် -

၅။ လူမျိုး/ဘာသာ -

၆။ ပညာအရည်အချင်း -

၇။ အမြဲတမ်းနေရပ်လိပ်စာ -

၈။ ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် -

ဖုန်းနံပါတ် -

၉။ ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ -

ဌာန/စက်ရုံ -

၁၀။ ကိုယ်ရေးမှတ်တမ်းအကျဉ်း

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

အထက်ပါအချက်အလက်များ မှန်ကန်ကြောင်းနှင့် အစိုးရဌာနတစ်ခုခု၏ ရာထူးမှထုတ်ပယ်ခြင်း / ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း ခံရသူမဟုတ်ပါကြောင်း အောက်တွင် ကိုယ်တိုင်ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

လက်မှတ် -

အမည် -